ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ညွှန်ကြားချက်အမှတ် ( ၇ /၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ် ၊ နတ်တော်လဆန်း ၉ ရက်

၂၀၂၀ ပြည့်နှစ် ၊ ဒီဇင်ဘာလ ၂၃ ရက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ COVID-19 ရောဂါဖြစ်ပွားမှုကြောင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများပုံမှန် မဆောင်ရွက်နိုင်စဉ် ကာလအတွင်း အသင်းဝင်များက ချေးငွေပြန်လည်ပေးဆပ်မှု နောက်ကျခြင်းအတွက် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ၂၀၂၀ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ကောက်ခံရန်ကျန်ရှိသော ချေးငွေလက်ကျန်များအပေါ် ချေးငွေဆုံးရှုံးမှု လျာထားရာတွင် ချေးငွေလက်ကျန်ပမာဏ၏ ၁% သတ်မှတ်ဆောင်ရွက်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်အထိ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုကာလသည် COVID-19 ရောဂါကူးစက်ပြန့်နှံ့မှုကို ထိန်းချုပ်ရန် ဆောင်ရွက်နေဆဲဖြစ်သဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ပုံမှန်မဆောင်ရွက်နိုင်စဉ် ကာလအတွင်း အသင်းဝင်များ၏ ချေးငွေပြန်လည်ပေးဆပ်မှု နောက်ကျခြင်းအတွက် ချေးငွေအတန်းအစား ခွဲခြားခြင်းနှင့် ချေးငွေဆုံးရှုံးမှု လျာထားခြင်းအား ချေးငွေလက်ကျန်ပမာဏ၏ ၁% သတ်မှတ်ဆောင်ရွက်ခြင်းကို ၂၀၂၁ ခုနှစ် ဇွန်လကုန်အထိ လိုက်နာဆောင်ရွက်ရန် တိုးမြှင့်သတ်မှတ်လိုက်သည်။

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁/၆ ( ၉၅၉ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်

ဖြန့်ဝေခြင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၊ တိုင်းဒေသကြီး နှင့် ပြည်နယ် ၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး

အထက်မြန်မာ/အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး၊

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးများ၊

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီမှုအသင်း

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

အမိန့်အရ

၂၃/၁၂/၂၀၂၀

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ညွှန်ကြားချက်အမှတ် ( ၆ /၂၀၂၀)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ လ ၁၈ ရက်

**ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းလုပ်ကိုင်သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွက် အသင်းသားများထံမှ ကောက်ခံရမည့် ချေးငွေအရင်းနှင့်အတိုးရွှေ့ဆိုင်းမှုအတွက် ကာလတို(၁)နှစ် အတိုးမဲ့ချေးငွေ ထုတ်ချေးမည့်အစီအစဉ်**

၁။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ၂၃-၁၀-၂၀၂၀ ရက်နေ့တွင် ကျင်းပသည့် အစည်းအဝေးတွင် COVID-19 ရောဂါကူးစက်ခံရမှု ရာခိုင်နှုန်း အများဆုံးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းလုပ်ကိုင်သည့် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် အသင်းသားများထံမှ ပြန်လည်ကောက်ခံရန်အချိန်စေ့ရောက်သည့်ချေးငွေအရင်းနှင့်အတိုးကို ၂၀၂၁ ခုနှစ် ဧပြီလကုန်အထိ ရွှေ့ဆိုင်းပြီး ၂၀၂၁ ခုနှစ် မေလမှ အောက်တိုဘာလအတွင်း အရစ်ကျပြန်လည်ကောက်ခံရန်နှင့် ချေးငွေပြန်လည်ကောက်ခံမှုရွှေ့ဆိုင်းထားစဉ် ကာလအတွင်း အသင်းသားများထံမှ ရွှေ့ဆိုင်းချေးငွေအပေါ် အတိုးကောက်ခံခြင်းမပြုရန် ဆုံးဖြတ်ခဲ့ပါသည်။ ထိုသို့ရွှေ့ဆိုင်းပေးခဲ့သည့် ချေးငွေ အရင်း၊ အတိုး ပမာဏကို မြန်မာ့စီးပွားရေးဘဏ်မှ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ အတိုးမဲ့ ၁ နှစ် ချေးငွေ ၊ (ဆိုင်းငံ့ကာလ (၆)လ) ထုတ်ချေးပေးမည် ဖြစ်ပါသည်။

**ချေးငွေဆိုင်ရာသတ်မှတ်ချက်များ**

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းဆောင်ရွက်နေသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသို့ မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ချေးမည့်ချေးငွေသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ချေးငွေအမျိုးအစား။ အတိုးမဲ့ချေးငွေ (၁ နှစ်)

(ခ) ဆိုင်းငံ့ကာလ။ ၆ လ

(ဂ) အရင်းပြန်လည်ပေးဆပ်မှု။ ကျန် ၆ လ တွင် ၃ လ တစ်ကြိမ်ပေးဆပ်ရန်

**ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် သတ်မှတ်ချက်များ**

၃။ မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အောက်ပါစံနှုန်းများနှင့် ပြည့်စုံရမည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ရမည်။

(ခ) အသင်းဝင်များသို့ စဉ်ဆက်မပြတ်ချေးငွေ ထုတ်ချေးနေသော အဖွဲ့အစည်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် အသင်းသားများထံမှ ချေးငွေအရင်းနှင့်အတိုး ပြန်လည်ကောက်ခံရန် အချိန်စေ့ရောက်သည့်ချေးငွေလက်ကျန်ရှိပြီး ၎င်းလက်ကျန်ကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အစီရင်ခံတင်ပြထားသော အဖွဲ့အစည်းဖြစ်ရမည်။

(ဂ) အချိန်စေ့ရောက်သည့် ချေးငွေပမာဏ မတင်ပြခြင်း၊ ၆ လနှင့်အထက် လုပ်ငန်းရပ်ဆိုင်းနေခြင်း၊ လုပ်ငန်းမစတင်သေးခြင်း၊ လိုင်စင်ပြန်လည်အပ်နှံရန် လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း မဖြစ်စေရ။

(ဃ) အချိန်စေ့ရောက်သည့် ချေးငွေပမာဏသည် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လရှိ စုစုပေါင်းချေးငွေလက်ကျန်ပမာဏထက် များသော အဖွဲ့အစည်း မဖြစ်စေရ။

(င) အတိုးမဲ့ချေးငွေကို သတ်မှတ်ကာလအတွင်း အပြည့်အဝ ပြန်လည် ပေးဆပ်နိုင်သည့် အဖွဲ့အစည်းဖြစ်ရမည်။

**အတိုးမဲ့ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများဆောင်ရွက်ရမည့်အချက်များ**

၄။ အတိုးမဲ့ ချေးငွေရယူမည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင်လုပ်ငန်းဆောင်ရွက်နေသော အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်းများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ရွှေ့ဆိုင်းချေးငွေအတွက် ခွင့်ပြုသည့် ချေးငွေရယူရန် မြန်မာ့စီးပွားရေးဘဏ်နှင့် ချေးငွေသဘောတူစာချုပ်ချုပ်ဆိုရမည်။

(ခ) ရရှိသောအတိုးမဲ့ ချေးငွေကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွက် အတိုး၊ အရင်းပေးဆပ်ရန် အချိန်စေ့ရောက်သည့် အသင်းသားများ၏ ချေးငွေ၊ ပြန်လည် ပေးဆပ်ရန်ကာလ ရွှေ့ဆိုင်းခဲ့သဖြင့် လိုအပ်သည့် လှည့်ပတ်ရင်းနှီးငွေ (Working Capital)

အတွက်သာ အသုံးပြုရမည်။ ချေးငွေရှေ့ဆိုင်းသည့် ကာလတွင် အသင်းသားများထံမှအတိုး ကောက်ခံခြင်း မပြုရ။

(ဂ) အတိုးမဲ့ချေးငွေရယူသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည်တိုင်းဒေသကြီး/ပြည်နယ်အလိုက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် အသင်းသားများက ပေးဆပ်ရန် အချိန်စေ့ရောက်သည့် ချေးငွေအရင်းနှင့်အတိုးကို ၂၀၂၁ ခုနှစ် ဧပြီလကုန် အထိ ရွှေ့ဆိုင်းပြီး အသင်းသားများထံမှ ချေးငွေအရစ်ကျ ပြန်လည်ကောက်ခံခြင်းကို ၂၀၂၁ ခုနှစ် မေလမှ အောက်တိုဘာလ အတွင်း ဆောင်ရွက်ရမည်။

(ဃ) အတိုးမဲ့ချေးငွေရယူထားသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် ချေးငွေစည်းကမ်းသတ်မှတ်ချက်နှင့်အညီ ချေးငွေရယူပြီး ပထမ(၆)လကို ဆိုင်းငံ့ ကာလအဖြစ်သတ်မှတ်၍ ကျန်(၆)လတွင် ပေးဆပ်ရမည့် ချေးငွေအရင်းကို မြန်မာ့စီးပွားရေးဘဏ်သို့ (၃) လ တစ်ကြိမ် ပေးသွင်းခြင်းဖြင့် ပြန်လည်ပေးဆပ်ရမည်။

(င) အတိုးမဲ့ချေးငွေ ရယူထားသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ချေးငွေထုတ်ချေးမှုစာရင်း (Loan Files)၊ အသင်းဝင်များ၏ ချေးငွေ ရယူမှု/ပြန်လည်ပေးဆပ်မှုစာရင်း တို့ကို စစ်ဆေးခံနိုင်ရေး လိုအပ်သော စာရင်းဇယားများ ပြုစုထားရမည့်အပြင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ လစဉ် ပေးပို့တင်ပြရမည်။

(စ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

**မြန်မာ့စီးပွားရေးဘဏ်မှဆောင်ရွက်ပေးရမည့်အချက်များ**

၅။ မြန်မာ့စီးပွားရေးဘဏ်သည် ချေးငွေရယူသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းဆောင်ရွက်နေသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ အောက်ပါတို့ကို တောင်းခံ၍ ချေးငွေထုတ်ပေးရေး ဆောင်ရွက်ရမည်–

(က) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ချေးငွေခွင့်ပြုသည့်အကြောင်းကြားစာ၊

(ခ) ချေးငွေရယူမည့်အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းမှBOD ၏သဘောတူညီချက်၊

(ဂ) ချေးငွေအား အပြည့်အဝပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ဘုတ်အဖွဲ့ဝင်(၂)ဦးမှ အာမခံချက်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ညွှန်ကြားချက်အမှတ်( ၅ /၂၀၂၀)
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်

## ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းလုပ်ကိုင်သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ၊ ပုဒ်မ ၆၈(ခ) တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံတွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ COVID-19 Disease ဖြစ်ပွားမှုများပြားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းလုပ်ကိုင်နေသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ သိရှိလိုက်နာနိုင်ရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ၂၃-၁၀-၂၀၂၀ ရက်နေ့တွင် ကျင်းပသည့် အစည်းအဝေးဆုံးဖြတ်ချက်အရ COVID-19 ရောဂါ ကူးစက် ခံရမှု ရာခိုင်နှုန်းအများဆုံးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်း လုပ်ငန်း လုပ်ကိုင်သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) ချေးငွေရယူထားသည့် အသင်းဝင်များ၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ပြန်လည်ပေးဆပ်ရမည့် အတိုးနှင့် အရင်းများကို ၂၀၂၁ ခုနှစ်၊ ဧပြီလအထိ ရွှေ့ဆိုင်းပေးရန်၊ ထိုကာလအတွင်း ချေးငွေ အပေါ် အတိုးကောက်ခံခြင်းမပြုရန်နှင့် ရွှေ့ဆိုင်းပေးသည့် ချေးငွေအတိုးနှင့်အရင်းကို ၂၀၂၁ ခုနှစ်၊ မေလမှ အောက်တိုဘာလအတွင်း အရစ်ကျ ပြန်လည် ကောက်ခံရန်၊

(ခ) အဆိုပါ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွက် ရွှေ့ဆိုင်းပေးသည့် ချေးငွေကို မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေသက်တမ်း (၁)နှစ်၊ ဆိုင်းငံ့ကာလ (၆)လ (အတိုးမဲ့ချေးငွေ) ထုတ်ချေးပေးမည်

ဖြစ်ပြီး ကျန် ၆ လ တွင်အသင်းဝင်များထံမှ ပြန်လည်ကောက်ခံ၍ မြန်မာ့စီးပွားရေးဘဏ်သို့ လစဉ် အရစ်ကျအပြည့်အဝပြန်လည်ပေးဆပ်ရန်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းလုပ်ကိုင်နေသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအထိ ရွှေ့ဆိုင်းပေးသည့် ချေးငွေအရင်းနှင့် အတိုးအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ချေးပေးမည့် အတိုးမဲ့ချေးငွေ အစီအစဉ်ကို ထပ်မံထုတ်ပြန်မည် ဖြစ်ပါသည်။

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁ / ၆ ( ၈၅၅ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်

**ဖြန့်ဝေခြင်း**

- အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများ
- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအားလုံး
- မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း
- အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး

- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှူးများအားလုံး
- စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

အမိန့်အရ

၂၅/၁၀/၂၀၂၀

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ

**မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှ ဆောင်ရွက်ပေးရမည့်အချက်များ**

၆။ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှ အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည်-

(က) အတိုးမဲ့ချေးငွေရယူသည့် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ အနေဖြင့် ချေးငွေရရှိပြီးနောက် ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ရန် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(ခ) ချေးငွေထုတ်ချေးရာမှ ဖြစ်ပေါ်လာနိုင်သည့် ဖြေရှင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ပတ်သက်၍ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့နှင့် ပူးပေါင်း ဖြေရှင်းဆောင်ရွက်ရမည်။

(ဂ) အတိုးမဲ့ချေးငွေရယူသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးယူထား ငွေအား သတ်မှတ်ကာလ အတွင်း အပြည့်အဝ ပြန်လည်ပေးဆပ်ရေးနှင့် ပေးဆပ်ရန် ပျက်ကွက်မှုမရှိစေရေးအတွက် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့ နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁ / ၆ ( ၈၇၃ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ လ ၁၈ ရက်

**ဖြန့်ဝေခြင်း**

- စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
- အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများ
- မြန်မာ့စီးပွားရေးဘဏ်

- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအားလုံး
- မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း
- အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး
- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးများအားလုံး

အမိန့်အရ

၁၅၊၁၁၊၂၀၂၀

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ (12)

ညွှန်ကြားချက်အမှတ် ( ၄ /၂၀၂၀)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ရက်

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်

**နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း အခြေတကျ ဆိုင်ဖွင့်လုပ်ရောင်းချလျက်ရှိသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များသို့ အထူးသက်သာသော အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးမည့် အစီအစဉ်နှင့်ပတ်သက်သည့်ညွှန်ကြားချက်**

၁။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ ၂၇-၅-၂၀၂၀ ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ယင်းကော်မတီ၏ ၂၉-၆-၂၀၂၀ ရက်နေ့ အစည်းအဝေး အတည်ပြုချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၀) ကြိုတင်ခွင့်ပြုချက် အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း အခြေတကျ ဆိုင်ဖွင့်လုပ်ရောင်းချလျက်ရှိသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များအား ရင်းနှီးမတည်ငွေ (ချေးငွေ) ကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၏ အထွေထွေပိုလျှံရန်ပုံငွေမှ ကျပ် (၁၀၀) ဘီလီယံရယူ၍ မြန်မာ့စီးပွားရေးဘဏ်မှ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထုတ်ချေးပြီး အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း မှတစ်ဆင့် COVID-19 ကြောင့် ထိခိုက်ခဲ့ရသည့် လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များသို့ ထုတ်ချေးမည်ဖြစ်ပါသည်။

**ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ဆောင်ရွက်ရမည့်အချက်များ**

၂။ မြန်မာ့စီးပွားရေးဘဏ်မှ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထုတ်ချေးမည့် ချေးငွေသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ချေးငွေဆိုင်ရာအချက်အလက်များ**

(၁) ချေးငွေကာလ (၁) နှစ်၊

(၂) တစ်နှစ်လျှင်အတိုးနှုန်း ၁%၊

(၃) ဆိုင်းငံ့ကာလ (၃) လ၊ ကျန် (၉) လတွင် (၃) လတစ်ကြိမ် အရင်း၊ အတိုး ပေးဆပ်ရန်။

၃။ မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ အောက်ပါစံနှုန်းများနှင့် ပြည့်စုံရမည်-

(က) **ပြည့်စုံရမည့်စံနှုန်းများ**

(၁) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိပြီးဖြစ်ရမည်။

(၂) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ပြီး ဖြစ်ရမည်။

(၃) နိုင်ငံတော်သို့ ပေးဆောင်ရန်ရှိသည့် အခွန်အခများ ပေးဆောင်ပြီးဖြစ်ရမည်။

(၄) ချေးငွေအား သတ်မှတ်ချက်နှင့်အညီ ပြန်လည်ပေးဆပ်ရန် ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့မှ အာမခံချက်ပါရှိရမည်။

(၅) COVID-19 Fund မှရရှိသည့် ချေးငွေအား COVID-19 ကြောင့်ထိခိုက်မှုရှိသည့် လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များသို့သာ ထုတ်ချေးမည် ဖြစ်ကြောင်း ဝန်ခံကတိပြုချက် တင်ပြရမည်။

၄။ ဤအစီအစဉ်တွင်ပါဝင်မည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြ၍ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်းမှတစ်ဆင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန(ရုံးချုပ်)သို့ လျှောက်ထားရမည်-

(က) ချေးငွေလျှောက်လွှာ

(ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလိုင်စင်ခွင့်ပြုချက်

(ဂ) ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ စုစုပေါင်းထည့်ဝင်ပြီးမတည်ငွေရင်း။ (      ) ကျပ်သန်း

(ဃ) ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ ထုတ်ချေးငွေလက်ကျန်စုစုပေါင်း။ (      ) ကျပ်သန်း

(င) ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ ပြည်တွင်း/ပြည်ပချေးငွေ ရယူထားသော ချေးငွေလက်ကျန်ပမာဏ။ နိုင်ငံခြားငွေ (   ) သန်း၊ မြန်မာကျပ်ငွေ (   ) သန်း- နောက်ဆက်တွဲဖြင့် ဖော်ပြရန်

(စ) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ် နောက်ဆုံးစစ်ဆေးခဲ့သည့် စစ်ဆေးချက်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ (လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်ရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်း (Cash Flow Statement))

(ဆ) ချေးငွေရယူရန် BOD အဖွဲ့၏ သဘောတူဆုံးဖြတ်ချက်မှတ်တမ်း

(ဇ) မိခင်ကုမ္ပဏီရှိပါက မိခင်ကုမ္ပဏီ၏ သဘောတူခွင့်ပြုချက်အထောက်အထား

(ဈ) ရယူလိုသည့် ချေးငွေပမာဏ

(ည) အသင်းသားအရေအတွက်၊ ထုတ်ချေးထားသည့်ချေးငွေအမျိုးအစား (စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဝန်ဆောင်မှု၊ ကူးသန်းရောင်းဝယ်ရေး)

(ဋ) ချေးငွေပြန်လည်ပေးဆပ်ရန် ဆောင်ရွက်မည့်အစီအစဉ်

(ဌ) လုပ်ငန်းဆောင်ရွက်သည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ

(ဍ) လျှောက်ထားသည့်ချေးငွေအား ပြန်လည်ထုတ်ချေးမည့် တိုင်းဒေသကြီး၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်နှင့် ဆိုင်အရေအတွက်

**ချေးငွေရယူမည့် လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များမှ ဆောင်ရွက်ရမည့်အချက်များ**

၅။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များသို့ ထုတ်ချေးမည့်ချေးငွေ၏ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ချေးငွေကာလနှင့်အတိုးနှုန်း**

(၁) ချေးငွေကာလ (၁) နှစ်၊

(၂) တစ်နှစ်လျှင်အတိုးနှုန်း ၂% (ဝန်ဆောင်ခအပါအဝင်)၊

(၃) ဆိုင်းငံ့ကာလ (၃) လ၊ ကျန် (၉) လတွင် (၃) လတစ်ကြိမ် အရင်း၊ အတိုး ပေးဆပ်ရန်။

(ခ) **ချေးငွေရယူမည့် လက်ဖက်ရည်ဆိုင်/စားသောက်ဆိုင်ငယ်များ ပြည့်စုံရမည့်စံနှုန်းများ**

(၁) COVID-19 ကပ်ရောဂါကြောင့် လုပ်ငန်းယာယီပိတ်သိမ်း ခဲ့ရသဖြင့် ထိခိုက်မှုရှိသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များ ဖြစ်ရမည်။

(၂) ဆိုင်ကို ကိုယ်ပိုင်မြေ/ အဆောက်အဦပေါ်တွင်ဖြစ်စေ၊ တရားဝင် ငှားရမ်း၍ ဖြစ်စေ အခြေတကျ ဖွင့်လှစ်ထားသည့် အထောက်အထား တင်ပြရမည်။

(၃) ဆိုင်ဖွင့်လှစ်မှုသက်တမ်း (၁) နှစ်နှင့်အထက်ရှိရမည်။

(၄) သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေး အဖွဲ့များ၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိပြီးဖြစ်ရမည်။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် မရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၏ ဆိုင်ဖွင့်လှစ်ထားကြောင်း ထောက်ခံချက် တင်ပြရမည်။

(၅) ချေးငွေရယူရာတွင် လိုအပ်သည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း သို့မဟုတ် အနည်းဆုံး လူပုဂ္ဂိုလ်အာမခံ (၂) ဦး တင်ပြရမည်။

(၆) ချေးငွေကို ဆိုင်ပြန်လည်ဖွင့်လှစ်နိုင်ရေးကိစ္စအတွက်သာ အသုံးပြု ရမည်။

(၇) ရယူထားသည့်ချေးငွေကို တစ်နှစ်အတွင်း ပြန်လည်ပေးဆပ်နိုင်ရမည်။

(၈) အလုပ်သမားဦးရေ (၅) ဦးနှင့်အထက်ရှိသော ဆိုင်ကို ဦးစားပေးမည်။ သို့ရာတွင်အလုပ်သမားဦးရေ (၅) ဦးအောက်ရှိသော ဆိုင်များလည်း ချေးငွေ ရယူနိုင်သည်။

(၉) ရင်းနှီးမတည်ငွေ ကျပ်သိန်း (၁၅၀) အောက်တွင် လုပ်ငန်းလည်ပတ်နေသော ဆိုင်များသာ ချေးငွေလျှောက်ထားရန် အကျုံးဝင်သည်။

(ဂ) **ဆိုင်အရွယ်အစားသတ်မှတ်ချက်နှင့်ချေးငွေပမာဏသတ်မှတ်ချက်**

| | | |
|---|---|---|
| (၁) | မတည်ငွေကျပ်သိန်း (၅၀) အထိ အများဆုံးထုတ်ချေးမည့်ချေးငွေ | ဆိုင်ငယ် ကျပ် (၃၅) သိန်း |
| (၂) | မတည်ငွေ ကျပ်သိန်း(၅၀) မှ ကျပ်သိန်း (၁၀၀) အထိ အများဆုံးထုတ်ချေးမည့် ချေးငွေ | ဆိုင်လတ် ကျပ်(၇၀) သိန်း |
| (၃) | မတည်ငွေ ကျပ်သိန်း(၁၀၀) မှ ကျပ်သိန်း (၁၅၀) အထိ အများဆုံးထုတ်ချေးမည့် ချေးငွေ | ဆိုင်ကြီး ကျပ်(၁၀၀)သိန်း |

**အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ**

၆။ COVID-19 ရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေရယူသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မိမိတို့ရယူလိုသော ချေးငွေပမာဏကို မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှတစ်ဆင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။

(ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှခွင့်ပြုသည့် ချေးငွေရယူရေးအတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် ချေးငွေသဘောတူစာချုပ်ချုပ်ဆိုရမည်။

(ဂ) ရရှိသောချေးငွေကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သတ်မှတ်သည့် စံနှုန်းများနှင့်ကိုက်ညီသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များကိုသာ ထုတ်ချေး ရမည်။

(ဃ) ချေးငွေထုတ်ချေးရေးအတွက် အကဲဖြတ်ခြင်းကို သတ်မှတ်စံနှုန်းများနှင့်အညီ ဆောင်ရွက်ရမည်။

(င) ချေးငွေထုတ်ချေးရာတွင် အတိုးနှင့်ဝန်ဆောင်ခအပါအဝင် တစ်နှစ်လျှင် ၂ ရာခိုင်နှုန်းထက် ပိုမိုကောက်ခံခြင်းမပြုရ။

(စ) လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များ ဤအစီအစဉ်မှ ထုတ်ချေးသော ချေးငွေတစ်ခုထက်ပိုမိုရယူခြင်းမရှိစေရန်နှင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုထက်ပို၍ ဤအစီအစဉ်ချေးငွေရယူခြင်းမရှိစေရန် သတင်းအချက်အလက်ဖလှယ်ရေးအတွက် မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေး

အသင်း၊ သတင်းအချက်အလက်မျှဝေရေးနည်းပညာကုမ္ပဏီတို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဆ) ဤအစီအစဉ်မှ ချေးငွေရယူထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အပြည့်အဝ ပြန်လည်ပေးဆပ်နိုင်ရေး ဆောင်ရွက်ရမည်။

(ဇ) COVID-19 ရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေအတွက် စံနှုန်းသတ်မှတ်ချက်များနှင့်ကိုက်ညီပြီး ချေးငွေမရရှိသည့် အသင်းဝင်များနှင့် ပတ်သက်သည့် အငြင်းပွားမှုများကို အထောက်အထားခိုင်မာစွာဖြင့် ဖြေရှင်းဆောင်ရွက်ရမည့်အပြင် လိုအပ်ပါကနေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနရုံး၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဈ) COVID-19 ရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေရယူ၍ လုပ်ငန်းဆောင်ရွက်မှုနှင့်သက်ဆိုင်သည့် အချက်အလက်များကို သီးခြားပြုစုရမည့်အပြင် ဘဏ္ဍာရေးရှင်းတမ်းတို့ကို သီးခြားပြုစု၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ လစဉ်ပေးပို့ရမည်။ ထို့ပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနရုံးများ၏ ကွင်းဆင်းစစ်ဆေးမှုခံယူရမည်။

(ည) စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

**မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှ ဆောင်ရွက်ပေးရမည့်အချက်များ**

၇။ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှ အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည်-

(က) COVID-19 ရန်ပုံငွေမှ အတိုးနှုန်းသက်သာသောချေးငွေ ရယူလိုသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ တင်ပြလာသော ချေးငွေလျှောက်ထားမှုများကို စုစည်း၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသို့တင်ပြခြင်းနှင့်

ချေးငွေရရှိပြီးနောက် ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ရန် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) ချေးငွေထုတ်ချေးရာမှ ဖြစ်ပေါ်လာသည့် ဖြေရှင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့် နိုင်ငံတော်မှ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်ရမည်။

(ဂ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးယူထားငွေအား သတ်မှတ်ကာလအတွင်း အပြည့်အဝ ပြန်လည်ပေးဆပ်ရေးအတွက် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဃ) ချေးငွေရယူသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဤအစီအစဉ်အရထုတ်ချေးသည့် အသင်းဝင်ဆိုင်ရှင်များ၏ ချေးငွေဆိုင်ရာ အချက်အလက်များအား မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်းမှ သတ်မှတ်သည့် သတင်းအချက်အလက်စနစ်တွင် မှတ်ပုံတင်ရေး ဆောင်ရွက်ရမည်။

(င) ဤအစီအစဉ်တွင်ပါဝင်သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက လက်ဖက်ရည်ဆိုင်/စားသောက်ဆိုင်ငယ်များသို့ ချေးငွေထုတ်ချေးရာတွင် ဆိုင်ချင်းထပ်မှုမရှိစေရန် နယ်မြေရိယာ ခွဲဝေဆောင်ရွက်ရေးတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်။

(စိုးဝင်း)

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁/၆ (၅၃၂ / ၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၃ ရက်

**ဖြန့်ဝေခြင်း**

- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး
- မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း

- ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှူးအားလုံး
- စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
- အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များအားလုံး
- ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး

} သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

အမိန့်အရ

၂၃/၃/၂၀၂၀

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ

သို့

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

ရုံးအမှတ် (၃၄)

နေပြည်တော်

ရက်စွဲ၊ - -၂၀၂၀

အကြောင်းအရာ။ **အတိုးနှုန်းသက်သာသောချေးငွေ (၁) နှစ်ချေးငွေလျှောက်ထားခြင်း**

ကျွန်တော်များ.......................................... အသေးစားငွေရေးကြေးရေးကုမ္ပဏီသည် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ COVID-19 ကြောင့် ထိခိုက်မှုရှိခဲ့သည့် လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များအား ရင်းနှီးမတည်ငွေ (ချေးငွေ) ကာလတို (၁) နှစ် ထုတ်ချေးမည့် အစီအစဉ်အရ အတိုးနှုန်းသက်သာသောချေးငွေ ကျပ်............................................/- (ကျပ် (စာဖြင့်)........................တိတိ) ကို ထုတ်ချေးပေးပါရန် လျှောက်ထားအပ်ပါသည်။

ချေးငွေလျှောက်ထားခြင်းကို လက်ခံစဉ်းစားနိုင်ရန် အောက်ပါအချက်အလက်များ ကို တင်ပြအပ်ပါသည်-

**ချေးငွေလျှောက်ထားသည့် အသေးစားငွေရေးကြေးရေးကုမ္ပဏီအကြောင်းအရာ**

(က) အမည် - ................................................................................

(ခ) လိုင်စင်အမှတ် - ................................................................................

(ဂ) ကုမ္ပဏီမှတ်ပုံတင်အမှတ် - ................................................................................

(ဃ) ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ - ................................................................................

................................................................................

(င) ချေးငွေရယူမည့်နေရာ - ................................................................................

(စ) ချေးငွေပမာဏ - ................................................................................

လက်မှတ် - ..............................................

အမည် - ..............................................

နိုင်ငံသားစိစစ်ရေးကဒ်အမှတ်/ နိုင်ငံကူးလက်မှတ်အမှတ် - ..............................................

..............................................

ရာထူး/တာဝန် - ..............................................

နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၏အထွေထွေပိုလျှံငွေ ၁၀၀ ဘီလီယံအား
မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ချေးငွေ (ကာလတို-၁နှစ်) ရယူမည့်
အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်မြန်မာ့စီးပွားရေးဘဏ်အကြား
ချုပ်ဆိုရမည့်စာချုပ်များ

| စဉ် | အမျိုးအစား | အကြောင်းအရာ |
|---|---|---|
| ၁ | ချေးငွေအဆိုပြုလွှာ | ငွေချေးသူမှတင်ပြရန် |
| ၂ | L-25 | အိမ်ထောင်စုဝင် အသက် (၁၈) နှစ်ပြည့်ပြီးသူများက အာမခံလက်မှတ်ရေးထိုးရန် |
| ၃ | L-39 | ချေးငွေသဘောတူညီစာချုပ် (အာမခံဖြင့်) |
| ၄ | L-29 | ဂတိခံဝန်စာချုပ် (နှစ်ဦးအထက်) |

ဖော်ပြချက်(၁)

## နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း အခြေတကျ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များသို့ မတည်ရင်းနှီးငွေ (ချေးငွေ) ထုတ်ချေးရန်အတွက် မြန်မာ့စီးပွားရေးဘဏ်မှ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထုတ်ချေးမည့်ချေးငွေဆိုင်ရာအချက်အလက်များ

| | | | |
|---|---|---|---|
| ၁။ | ချေးငွေကာလ | - | (၁) နှစ် |
| ၂။ | ချေးငွေအပေါ်ကောက်ခံမည့်အတိုးနှုန်း | - | တစ်နှစ်လျှင် အတိုးနှုန်း ၁% |
| ၃။ | ဆိုင်းငံ့ကာလ | - | ချေးငွေထုတ်ချေးသည့်နေ့မှ (၃) လ |
| ၄။ | ပြန်ဆပ်ကာလ | - | ကျန် (၉) လတွင် (၃) လတစ်ကြိမ် အရင်း၊ အတိုး ပေးဆပ်ရန် |

# မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရယူရေးအတွက် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ ပြည့်စုံရမည့်စံနှုန်းများ

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလုပ်ကိုင် ခွင့်လိုင်စင် ရရှိပြီး ဖြစ်ရမည်။

၂။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ပြီး ဖြစ်ရမည်။

၃။ နိုင်ငံတော်သို့ ပေးဆောင်ရန်ရှိသည့် အခွန်အခများ ပေးဆောင်ပြီးဖြစ်ရမည်။

၄။ ချေးငွေအား သတ်မှတ်ချက်နှင့်အညီ ပြန်လည်ပေးဆပ်ရန် ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့မှ အာမခံချက်ပါရှိရမည်။

၅။ COVID-19 Fund မှရရှိသည့် ချေးငွေအား COVID-19 ကြောင့်ထိခိုက်မှုရှိသည့် လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များသို့သာ ထုတ်ချေးမည် ဖြစ်ကြောင်း ဝန်ခံကတိပြုချက် တင်ပြရမည်။

## မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ တင်ပြရမည့် စာရွက်စာတမ်းများ

၁။ ချေးငွေလျှောက်လွှာ

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလိုင်စင်ခွင့်ပြုချက်

၃။ ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ စုစုပေါင်းထည့်ဝင်ပြီးမတည်ငွေရင်း။ ( ) ကျပ်သန်း

၄။ ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ ထုတ်ချေးငွေလက်ကျန်စုစုပေါင်း။ ( ) ကျပ်သန်း

၅။ ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ ပြည်တွင်း/ပြည်ပချေးငွေ ရယူထားသော ချေးငွေလက်ကျန်ပမာဏ။ နိုင်ငံခြားငွေ ( ) သန်း၊ မြန်မာကျပ်ငွေ ( ) သန်း (နောက်ဆက်တွဲဖြင့် ဖော်ပြရန်)

၆။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ် နောက်ဆုံးစစ်ဆေးခဲ့သည့် စစ်ဆေးချက်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ (လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်ရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်း (Cash Flow Statement))

၇။ ချေးငွေရယူရန် BOD အဖွဲ့၏ သဘောတူဆုံးဖြတ်ချက်မှတ်တမ်း

၈။ မိခင်ကုမ္ပဏီရှိပါက မိခင်ကုမ္ပဏီ၏ သဘောတူခွင့်ပြုချက်အထောက်အထား

၉။ ရယူလိုသည့် ချေးငွေပမာဏ

၁၀။ အသင်းသားအရေအတွက်၊ ထုတ်ချေးထားသည့်ချေးငွေအမျိုးအစား (စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဝန်ဆောင်မှု၊ ကူးသန်းရောင်းဝယ်ရေး)

၁၁။ ချေးငွေပြန်လည်ပေးဆပ်ရန် ဆောင်ရွက်မည့်အစီအစဉ်

၁၂။ လုပ်ငန်းဆောင်ရွက်သည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ

၁၃။ လျှောက်ထားသည့်ချေးငွေအား ပြန်လည်ထုတ်ချေးမည့် တိုင်းဒေသကြီး၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်နှင့် ဆိုင်အရေအတွက်

# မြန်မာ့စီးပွားရေးဘဏ်
## ဘဏ်ချေးငွေအဆိုပြုလွှာ

ရက်စွဲ ၊ ၂၀ ခု ၊ လ ရက်၊

မန်နေဂျာ

မြန်မာ့စီးပွားရေးဘဏ်

------------ မြို့

ကျွန်တော်/ကျွန်မတို့သည်၊လူကြီးမင်းဘဏ်မှဘဏ်ချေးငွေရယူလိုပါ၍ ဘဏ်ချေးငွေကျပ် - /- (ကျပ် (စာဖြင့်)-------------------------- တိတိ) ကို ထုတ်ချေးပေးပါရန် လျှောက်ထား တောင်းခံပါသည်။

ဘဏ်ချေးငွေထုတ်ချေးပေးခြင်းအတွက် ဘဏ်မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊လုပ်ထုံးလုပ်နည်းများကို ဘဏ်မှ သတ်မှတ်သည့်အတိုင်း လိုက်နာဖြည့်ဆည်း ဆောင်ရွက်မည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

ဘဏ်ချေးငွေလျှောက်ထားခြင်းအတွက် ဘဏ်မှလက်ခံစဉ်းစားနိုင်ရန် အောက်ဖော်ပြပါ အချက်အလက်များကို တင်ပြအပ်ပါသည်။

၁။ ချေးငွေလျှောက်ထားသူ၏အကြောင်းအရာ

(က) လျှောက်ထားသူအမည် - ____________________
(ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအမည်ကို - ____________________
ဘဏ်စာရင်းရှင် စာရင်းဖွင့်ထားသည့်အတိုင်း - ____________________
ဖော်ပြရန် )

(ခ) အမျိုးသားမှတ်ပုံတင်အမှတ်/ - ____________________
အဖွဲ့အစည်းမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ - ____________________

(ဂ) ဘဏ်စာရင်းအမှတ် - ____________________

(ဃ) ဆက်သွယ်ရန်လိပ်စာ - ____________________
____________________
____________________

(င) ကုမ္ပဏီအစုစပ်လုပ်ငန်းစသည့်အဖွဲ့အစည်း - ____________________
ဖြစ်ပါက သင်းဖွဲ့စည်းမျဉ်း ၊သင်းဖွဲ့မှတ်တမ်း၊ - ____________________
အစုစပ်စာချုပ် နှင့် မှတ်ပုံတင်လက်မှတ်တို့၏ - ____________________
မိတ္တူမှန်တစ်စုံ နှင့် ဒါရိုက်တာလူကြီးများ - ____________________
အစုဝင်များ၏အမည် ၊ စာရင်းတစ်စုံတို့ကို
ပူးတွဲတင်ပြရပါမည်။

၂။ ဘဏ်ချေးငွေ အသုံးပြုမည့် ရည်ရွယ်ချက် နှင့် လုပ်ငန်းအကြောင်းအရာ

(က) လုပ်ငန်းအမည် - ______________________

(လုပ်ငန်းမှတ်ပုံတင်/လိုင်စင်ပူးတွဲတင်ပြရန်) - ______________________

(ခ) လုပ်ငန်းအမျိုးအစား - ______________________

(ရောင်းဝယ်ရေး၊ စက်မှုကုန်ထုတ် / - ______________________

သယ်ယူပို့ဆောင်ရေး / ဆောက်လုပ်ရေး/ - ______________________

ဝန်ဆောင်မှုစသည်) ______________________

(ဂ) ရင်းနှီးမတည်ငွေ ပမာဏ - ______________________

(လုပ်ငန်းဆိုင်ရာ စာရင်းများ - ______________________

လွန်ခဲ့သည့် ၃ နှစ် လက်ကျန်ရှင်းတမ်း - ______________________

များနှင့်နောက်ဆုံးနှစ်အတွက် အရောင်း - ______________________

အဝယ်အရှုံးအမြတ် စာရင်းပူးတွဲတင်ပြရန်) - ______________________

(ဃ) လုပ်ငန်းဆောင်ရွက်မှုပမာဏ - ______________________

(တစ်နှစ် ( မှ ထိ) - ______________________

ထုတ်လုပ်မှု / ရောင်းဝယ်မှု ဝန်ဆောင် - ______________________

မှုပမာဏတို့ကို အရေအတွက်နှင့်တကွ - ______________________

တန်ဖိုးငွေပမာဏ ကို ဖော်ပြရန် ) - ______________________

(င) လုပ်ငန်းနှင့်အခွန်ထမ်းဆောင်မှု - ______________________

အခြေအနေ (၃-နှစ်စာတင်ပြရန်) - ______________________

- ______________________

(စ) ဘဏ်ချေးငွေလိုအပ်သည့်အကြောင်းပြချက် - ______________________

(ဆ) Project များဖြစ်ပါက Project Profile နှင့် - ______________________

Feasibility Study Report များတင်ပြ - ______________________

ပေးရပါမည်။

၃။ ချေးယူလိုသည့်ဘဏ် ချေးငွေပမာဏ နှင့် အမျိုးအစား

(က) ချေးယူလိုသည့်ပမာဏ - ကျပ် - ______________________

(ကျပ် (စာဖြင့်) ______________________ တိတိ)

(ခ) အမျိုးအစား - ______________________

နှစ်ချင်းဆပ်ချေးငွေ/နှစ်လက် - ______________________

ချေးငွေ/နှစ်ရှည်ချေးငွေ စသည် - ______________________

ကို ကာလနှင့်တကွ ဖော်ပြရန် - ______________________

(ဥပမာ - ၃ နှစ် ၅ နှစ် စသည်ဖြင့်) ______________________

(ဂ) ပြန်လည်ပေးဆပ်မည့်အစီအစဉ် - ______________________

(အရစ်ကျပြန်လည်ပေးဆပ်မည့် အစီအစဉ်- ______________________

ကို ဖော်ပြရန်) ______________________

(ဃ) ပြန်လည်ပေးဆပ်မည့် နည်းလမ်းနှင့် - ______________________

မည်သည့်ဝင်ငွေမှပေးဆပ်မည် ______________________

______________________

(င) နှစ်လတ်နှစ်ရှည်ချေးငွေဖြစ်ပါက လာမည့် - ______________________

နှစ်များတွင် ဖြစ်ပေါ်လာမည့် - ______________________

ဘဏ္ဍာရေးအခြေအနေဖော်ပြသည့် လက်ကျန် ______________________

ရှင်းတမ်းများ နှင့် ငွေသားစီးဆင်းမှု (Projected Balance - ______________________

Sheets များနှင့် Cash flow Statements များရေးဆွဲတင်ပြရပါမည်။

၄။ ဘဏ်ချေးငွေလုံခြုံမှုအတွက် အာမခံပေးမည့် ပစ္စည်းစာရင်း

(က) အာမခံပစ္စည်းအမျိုးအစား ______________________

(မြေ / တိုက်တာအဆောက်အဦး/ ကုန်ပစ္စည်း- / ______________________

ငွေချေးသက်သေခံလက်မှတ်များ /Guarantee- ______________________

စသည်ဖြင့်) ______________________

______________________

(ခ) အာမခံပစ္စည်းတည်နေရာ / သိုလှောင်ထားရာ - ________________________

နေရာ - ________________________

(ဂ) အာမခံပစ္စည်းများ၏ တန်ဖိုး - ________________________

(အမျိုးအစားတစ်ခုချင်းအတွက် ဖော်ပြပေးရန်) - ________________________

- ________________________

- ________________________

- ________________________

- ________________________

၅။ အခြားအချက်အလက်များ

(က) အခြားဘဏ်များတွင် ဘဏ်စာရင်းဖွင့်ထားခြင်း - ________________________

ရှိ - မရှိ၊ ရှိပါက စာရင်းအမည်၊ စာရင်းအမှတ် - ________________________

နှင့် ပေးထားသည့် လိပ်စာဖော်ပြပေးရန် - ________________________

- ________________________

(ခ) ယခင်က ဘဏ်ချေးငွေရယူခဲ့ဖူး - ________________________

ခြင်းရှိ - မရှိ (ရှိပါက မည်သည့်ဘဏ်က - ________________________

မည်မျှရယူခဲ့သည် - မည်သို့ပြန်လည်ပေးဆပ်ခဲ့ - ________________________

သည်ကို ဖော်ပြပေးရန်) - ________________________

- ________________________

- ________________________

အထက်ဖော်ပြပါ အချက်အလက်များ အားလုံးမှန်ကန်ပါကြောင်း နှင့် ဘဏ်ချေးငွေကို တင်ပြသည့် ရည်ရွယ်ချက်အတိုင်း အသုံးပြုမည်ဖြစ်ပါကြောင်း တာဝန်ယူပါသည်။

လက်မှတ်(များ) -

အမည် (များ) -

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ** (၁၁)

**ညွှန်ကြားချက်အမှတ် ( ၃ /၂၀၂၀)**

**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်**

**၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်**

## COVID-19 Economic Relief Plan အရ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ စီးပွားရေးချေးငွေ (Commercial Loan) ကာလတို (၃) နှစ် ချေးငွေထုတ်ချေးမည့် အစီအစဉ်နှင့်ပတ်သက်သည့်ညွှန်ကြားချက်

၁။ COVID-19 Economic Relief Plan ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၀) ကြိုတင်ခွင့်ပြုချက်အရ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ အထွေထွေပိုလျှံရန်ပုံငွေမှ ကျပ် ၁၀၀ ဘီလီယံအား မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ စီးပွားရေးချေးငွေ (Commercial Loan) ကာလတို (၃) နှစ် ထုတ်ချေးမည်ဖြစ်ပါသည်။

**ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ဆောင်ရွက်ရမည့်အချက်များ**

၂။ မြန်မာ့စီးပွားရေးဘဏ်မှ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထုတ်ချေးမည့် ချေးငွေသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ချေးငွေဆိုင်ရာအချက်အလက်များ**

(၁) အပေါင်ပစ္စည်းပေးနိုင်ပါက

| | | |
|---|---|---|
| (ကက) | **ချေးငွေအမျိုးအစား။** | နှစ်တိုချေးငွေ (၃ နှစ်) |
| (ခခ) | **အတိုးနှုန်း။** | တစ်နှစ်လျှင် ၉% ထက်မများသောအတိုးနှုန်း |
| (ဂဂ) | **ဆိုင်းငံ့ကာလ။** | ၁ နှစ် |
| (ဃဃ) | **အတိုးပေးသွင်းမှု။** | ၃ လ တစ်ကြိမ် |
| (ငင) | **ပြန်ဆပ်ကာလ။** | ကျန် ၂ နှစ်အတွင်း ၄ ကြိမ်ခွဲ၍ အပြည့်အဝ ပြန်လည်ပေးဆပ်ရမည်။ |
| (စစ) | **ဖြေလျှော့ချက်။** | သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းက ချေးငွေ သက်တမ်းတိုးဆောင်ရွက်လိုပါက ချေးငွေ ထုတ်ချေးရေးဦးဆောင်ကော်မတီသို့တင်ပြ၍ ခွင့်ပြုချက်ရရှိပါက သက်တမ်းတိုးဆောင်ရွက်နိုင်သည်။ |

(၂) အပေါင်ပစ္စည်းမပေးနိုင်ပါက

| | | |
|---|---|---|
| (ကက) | **ချေးငွေအမျိုးအစား။** | နှစ်တိုချေးငွေ (၃ နှစ်) |
| (ခခ) | **အတိုးနှုန်း။** | တစ်နှစ်လျှင် ၁၁.၅%ထက်မများသောအတိုးနှုန်း |
| (ဂဂ) | **ဆိုင်းငံ့ကာလ။** | ၁ နှစ် |

(ဃဃ) **အတိုးပေးသွင်းမှု။** ၃ လ တစ်ကြိမ်

(ငင) **ပြန်ဆပ်ကာလ။** ကျန် ၂ နှစ်အတွင်း ၁ နှစ်လျှင် ၂ ကြိမ်ဖြင့် ၄ ကြိမ်အတွင်း အပြည့်အဝ ပေးဆပ်ရမည်။

(စစ) **ဖြေလျှော့ချက်။** သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းက ချေးငွေ သက်တမ်းတိုး ဆောင်ရွက်လိုပါ ချေးငွေ ထုတ်ချေးရေး ဦးဆောင်ကော်မတီသို့တင်ပြ၍ ခွင့်ပြုချက် ရရှိပါက သက်တမ်းတိုးဆောင်ရွက်နိုင်သည်။

၃။ မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ အောက်ပါစံနှုန်းများနှင့် ပြည့်စုံရမည်-

(က) **ပြည့်စုံရမည့်စံနှုန်းများ**

(၁) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိပြီးဖြစ်ရမည်။

(၂) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ပြီး ဖြစ်ရမည်။

(၃) နိုင်ငံတော်သို့ ပေးဆောင်ရန်ရှိသည့် အခွန်အခများ ပေးဆောင်ပြီးဖြစ်ရမည်။

(၄) ချေးငွေအား သတ်မှတ်ချက်နှင့်အညီ ပြန်လည်ပေးဆပ်ရန် ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့မှ အာမခံချက်ပါရှိရမည်။

၄။ ချေးငွေရယူလိုသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြ၍ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်းမှတစ်ဆင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန(ရုံးချုပ်)သို့ လျှောက်ထားရမည်-

(က) ချေးငွေလျှောက်လွှာ

(ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလိုင်စင်ခွင့်ပြုချက်

(ဂ) ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ စုစုပေါင်းထည့်ဝင်ပြီးမတည်ငွေရင်း။ (     ) ကျပ်သန်း

(ဃ) ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ ထုတ်ချေးငွေလက်ကျန်စုစုပေါင်း။ (     ) ကျပ်သန်း

(င) ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ ပြည်တွင်း/ပြည်ပချေးငွေ ရယူထားသော ချေးငွေလက်ကျန် ပမာဏ။ နိုင်ငံခြားငွေ (  ) သန်း၊ မြန်မာကျပ်ငွေ (   ) သန်း- နောက်ဆက်တွဲဖြင့် ဖော်ပြရန်

(စ) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ် နောက်ဆုံးစစ်ဆေးခဲ့သည့် စစ်ဆေးချက်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ (လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်ရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်း (Cash Flow Statement))

(ဆ) ချေးငွေရယူရန် BOD အဖွဲ့၏ သဘောတူဆုံးဖြတ်ချက်မှတ်တမ်း

(ဇ) မိခင်ကုမ္ပဏီရှိပါက မိခင်ကုမ္ပဏီ၏ သဘောတူခွင့်ပြုချက်အထောက်အထား

(ဈ) ရယူလိုသည့် ချေးငွေပမာဏ

(ည) အသင်းသားအရေအတွက်၊ ထုတ်ချေးထားသည့်ချေးငွေအမျိုးအစား (စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဝန်ဆောင်မှု၊ ကုန်သွယ်ရေး)

(ဋ) ချေးငွေပြန်လည်ပေးဆပ်ရန် ဆောင်ရွက်မည့်အစီအစဉ်

(ဌ) လုပ်ငန်းဆောင်ရွက်သည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ

(ဍ) တင်သွင်းနိုင်သည့်အပေါင်ပစ္စည်းအမျိုးအစား

(၁) မရွှေ့မပြောင်းနိုင်သောပစ္စည်းများ (မြေနှင့်အဆောက်အဦ)

(၂) ပုဒ်မ ၇ ၊ လန (၃၉) ၊ လယ (၃၀ က) နှင့် (၁) အရ အခြားနည်းဖြင့် သုံးစွဲခွင့်ရသော မြေငှားလိုင်စင်/ဂရံ/ဘိုးဘွားမြေ

(၃) ရွှေ့ပြောင်းနိုင်သောပစ္စည်းများ (စက်၊ ယာဉ်၊ ယန္တရား)

(၄) နိုင်ငံခြားငွေ

**အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ**

၅။ COVID-19 ရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေရယူသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မိမိတို့ရယူလိုသော ချေးငွေပမာဏကို မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှတစ်ဆင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။

(ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှခွင့်ပြုသည့် ချေးငွေရယူရေးအတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် ချေးငွေသဘောတူစာချုပ်ချုပ်ဆိုရမည်။

(ဂ) ဤအစီအစဉ်မှ ချေးငွေရယူထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အပြည့်အဝ ပြန်လည်ပေးဆပ်နိုင်ရေး ဆောင်ရွက်ရမည်။

(ဃ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

**မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှ ဆောင်ရွက်ပေးရမည့်အချက်များ**

၆။ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ချေးငွေရယူလိုသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ တင်ပြလာသော ချေးငွေလျှောက်ထားမှုများကို စုစည်း၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။

(ခ) ချေးငွေရယူသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက ၎င်းတို့ချေးယူထား ငွေများအား သတ်မှတ်ကာလအတွင်း အပြည့်အဝ ပြန်လည်ပေးဆပ်ရေးအတွက် ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဂ) ချေးငွေပေးဆပ်မှု နောက်ကျ/ပျက်ကွက်သည့် အသေးစားငွေရေးကြေးရေးအဖွဲ့ အစည်းများအား တရားမကျင့်ထုံးဥပဒေအရ အရေးယူ ဆောင်ရွက်ရာတွင် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့ကို ကူညီဆောင်ရွက်ရမည်။

(စိုးဝင်း)

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁/၆ (၅၃၁ / ၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၃ ရက်

**ဖြန့်ဝေခြင်း**

- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး
- မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း
- ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှူးအားလုံး

- စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
- အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များအားလုံး
- ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး

သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

အမိန့်အရ

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ

သို့

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် (၃၄)
နေပြည်တော်

ရက်စွဲ၊ - -၂၀၂၀

အကြောင်းအရာ။ **စီးပွားရေးချေးငွေ (Commercial Loan) (၃) နှစ်ချေးငွေလျှောက်ထားခြင်း**

ကျွန်တော်များ................................. အသေးစားငွေရေးကြေးရေးကုမ္ပဏီသည် COVID-19 Economic Relief Plan အရ ထုတ်ချေးမည့် စီးပွားရေးချေးငွေ (Commercial Loan) ကာလတို (၃) နှစ်အစီအစဉ်အရ ကျပ်.............../- (ကျပ် (စာဖြင့်)...................တိတိ) ကို ထုတ်ချေးပေးပါရန် လျှောက်ထားအပ်ပါသည်။

စီးပွားရေးချေးငွေလျှောက်ထားခြင်းကို လက်ခံစဉ်းစားနိုင်ရန် အောက်ပါအချက်အလက်များ ကို တင်ပြအပ်ပါသည်-

**ချေးငွေလျှောက်ထားသည့် အသေးစားငွေရေးကြေးရေးကုမ္ပဏီအကြောင်းအရာ**

(က) အမည် - ..............................................................................
(ခ) လိုင်စင်အမှတ် - ..............................................................................
(ဂ) ကုမ္ပဏီမှတ်ပုံတင်အမှတ် - ..............................................................................
(ဃ) ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ - ..............................................................................
..............................................................................
(င) ချေးငွေရယူမည့်နေရာ - ..............................................................................
(စ) ချေးငွေပမာဏ - ..............................................................................

လက်မှတ် - ..................................................
အမည် - ..................................................
နိုင်ငံသားစိစစ်ရေးကဒ်အမှတ်/ - ..................................................
နိုင်ငံကူးလက်မှတ်အမှတ် - ..................................................
ရာထူး/တာဝန် - ..................................................

Comprehensive Economic Relief Plan အရ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၏ အထွေထွေပိုလျှံငွေ ၁၀၀ ဘီလီယံအား မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ချေးငွေ(ကာလတို-၃နှစ်) ရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် မြန်မာ့စီးပွားရေးဘဏ်အကြား ချုပ်ဆိုရမည့်စာချုပ်များ

| စဉ် | အမျိုးအစား | အကြောင်းအရာ |
|---|---|---|
| ၁ | ချေးငွေအဆိုပြုလွှာ | ငွေချေးသူမှတင်ပြရန် |
| ၂ | L-1 | ချေးငွေနှင့်သက်ဆိုင်သည့်အာမခံပစ္စည်းအတိုင်းအတာ - ဘဏ်ရာဖြတ်နှုန်းထား၊ ငွေချေးသူ၏ ရာဇဝင်များရေးသား ဖော်ပြရန် |
| ၃ | L-25 | အိမ်ထောင်စုဝင် အသက် (၁၈) နှစ် ပြည့်ပြီးသူများက အာမခံလက်မှတ်ရေးထိုးရန် |
| ၄ | L-39 | ချေးငွေသဘောတူညီစာချုပ် (အာမခံဖြင့်) |
| ၅ | L-29 | ဂတိခံဝန်စာချုပ် (နှစ်ဦးအထက်) |
| ၆ | | ပိုင်ဆိုင်မှုအထောက်အထားများ မှန်ကန်ကြောင်း ဘဏ်ရှေ့နေ၏ ထောက်ခံချက် |

## COVID-19 Economic Relief Plan အရ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ စီးပွားရေးချေးငွေ (Commercial Loan) ကာလတို (၃) နှစ် ချေးငွေထုတ်ချေးမည့် ချေးငွေဆိုင်ရာအချက်အလက်များ

၁။ မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ချေးငွေအတွက် အပေါင်ပစ္စည်းတင်သွင်းနိုင်ပါက အောက်ပါစည်းကမ်းချက်များဖြင့် ထုတ်ချေးမည်ဖြစ်သည်-

(က) **ချေးငွေအမျိုးအစား။** နှစ်တိုချေးငွေ (၃ နှစ်)

(ခ) **အတိုးနှုန်း။** တစ်နှစ်လျှင် ၉% ထက်မများသောအတိုးနှုန်း

(ဂ) **ဆိုင်းငံ့ကာလ။** ၁ နှစ်

(ဃ) **အတိုးပေးသွင်းမှု။** ၃ လ တစ်ကြိမ်

(င) **ပြန်ဆပ်ကာလ။** ကျန် ၂ နှစ်အတွင်း ၄ ကြိမ်ခွဲ၍ အပြည့်အဝပြန်လည် ပေးဆပ်ရမည်။

(စ) **ဖြေလျှော့ချက်။** သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းက ချေးငွေသက်တမ်းတိုးဆောင်ရွက်လိုပါက ချေးငွေထုတ်ချေးရေး ဦးဆောင်ကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပါက သက်တမ်းတိုးဆောင်ရွက်နိုင်သည်။

၂။ မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ချေးငွေအတွက် အပေါင်ပစ္စည်းတင်သွင်းခြင်းမပြုနိုင်ပါက အောက်ပါစည်းကမ်းချက်များဖြင့် ထုတ်ချေးမည်ဖြစ်သည်-

(က) **ချေးငွေအမျိုးအစား။** နှစ်တိုချေးငွေ (၃ နှစ်)

(ခ) **အတိုးနှုန်း။** တစ်နှစ်လျှင် ၁၁.၅%ထက်မများသောအတိုးနှုန်း

(ဂ) **ဆိုင်းငံ့ကာလ။** ၁ နှစ်

(ဃ) **အတိုးပေးသွင်းမှု။** ၃ လ တစ်ကြိမ်

(င) **ပြန်ဆပ်ကာလ။** ကျန် ၂ နှစ်အတွင်း ၁ နှစ်လျှင် ၂ ကြိမ်ဖြင့် ၄ ကြိမ်အတွင်း အပြည့်အဝပေးဆပ်ရမည်။

(စ) **ဖြေလျှော့ချက်။** သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းက ချေးငွေသက်တမ်းတိုး ဆောင်ရွက်လိုပါကချေးငွေထုတ်ချေးရေး ဦးဆောင်ကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပါက သက်တမ်းတိုးဆောင်ရွက်နိုင်သည်။

# မြန်မာ့စီးပွားရေးဘဏ်မှ စီးပွားရေးချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ ပြည့်စုံရမည့်စံနှုန်းများ

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလုပ်ကိုင် ခွင့်လိုင်စင် ရရှိပြီး ဖြစ်ရမည်။

၂။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ပြီး ဖြစ်ရမည်။

၃။ နိုင်ငံတော်သို့ ပေးဆောင်ရန်ရှိသည့် အခွန်အခများ ပေးဆောင်ပြီးဖြစ်ရမည်။

၄။ ချေးငွေအား သတ်မှတ်ချက်နှင့်အညီ ပြန်လည်ပေးဆပ်ရန် ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့မှ အာမခံချက်ပါရှိရမည်။

ဖော်ပြချက်(၃)

## မြန်မာ့စီးပွားရေးဘဏ်မှ စီးပွားရေးချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ တင်ပြရမည့် စာရွက်စာတမ်းများ

၁။ ချေးငွေလျှောက်လွှာ

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလိုင်စင်ခွင့်ပြုချက်

၃။ ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ စုစုပေါင်းထည့်ဝင်ပြီးမတည်ငွေရင်း။ ( ) ကျပ်သန်း

၄။ ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ ထုတ်ချေးငွေလက်ကျန်စုစုပေါင်း။ ( ) ကျပ်သန်း

၅။ ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ ပြည်တွင်း/ပြည်ပချေးငွေ ရယူထားသော ချေးငွေလက်ကျန် ပမာဏ။ နိုင်ငံခြားငွေ ( ) သန်း၊ မြန်မာကျပ်ငွေ ( ) သန်း- နောက်ဆက်တွဲဖြင့် ဖော်ပြရန်

၆။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ် နောက်ဆုံးစစ်ဆေးခဲ့သည့် စစ်ဆေးချက် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ (လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်ရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်း (Cash Flow Statement))

၇။ ချေးငွေရယူရန် BOD အဖွဲ့၏ သဘောတူဆုံးဖြတ်ချက်မှတ်တမ်း

၈။ မိခင်ကုမ္ပဏီရှိပါက မိခင်ကုမ္ပဏီ၏ သဘောတူခွင့်ပြုချက်အထောက်အထား

၉။ ရယူလိုသည့် ချေးငွေပမာဏ

၁၀။ အသင်းသားအရေအတွက်၊ ထုတ်ချေးထားသည့်ချေးငွေအမျိုးအစား (စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဝန်ဆောင်မှု၊ ကူးသန်းရောင်းဝယ်ရေး)

၁၁။ ချေးငွေပြန်လည်ပေးဆပ်ရန် ဆောင်ရွက်မည့်အစီအစဉ်

၁၂။ လုပ်ငန်းဆောင်ရွက်သည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ

၁၃။ ချေးငွေရယူရာတွင် အပေါင်ပစ္စည်းတင်သွင်းမည်ဆိုပါက တင်သွင်းနိုင်သည့် အပေါင်ပစ္စည်း အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မရွှေ့မပြောင်းနိုင်သောပစ္စည်းများ (မြေနှင့်အဆောက်အဦ)

(ခ) ပုံစံ ၇ ၊ လန (၃၉) ၊ လယ (၃၀ က) နှင့် (၁) အရ အခြားနည်းဖြင့် သုံးစွဲခွင့်ရသော မြေငှားလိုင်စင်/ဂရံ/ဘိုးဘွားမြေ

(ဂ) ရွှေ့ပြောင်းနိုင်သောပစ္စည်းများ (စက်၊ ယာဉ်၊ ယန္တရား)

(ဃ) နိုင်ငံခြားငွေ

**အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ**

၁။ မိမိတို့ရယူလိုသော ချေးငွေပမာဏကို မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်းမှတစ်ဆင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှခွင့်ပြုသည့် ချေးငွေရယူရေး အတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် ချေးငွေသဘောတူစာချုပ်ချုပ်ဆိုရမည်။

၃။ ဤအစီအစဉ်မှ ချေးငွေရယူထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အပြည့်အဝ ပြန်လည် ပေးဆပ်နိုင်ရေး ဆောင်ရွက်ရမည်။

၄။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

# မြန်မာ့စီးပွားရေးဘဏ်
## ဘဏ်ချေးငွေအဆိုပြုလွှာ

ရက်စွဲ ၊ ၂၀ ခု ၊ လ ရက်၊

မန်နေဂျာ

မြန်မာ့စီးပွားရေးဘဏ်

------------- မြို့

ကျွန်တော် / ကျွန်မတို့သည် ၊လူကြီးမင်းဘဏ်မှဘဏ်ချေးငွေရယူလိုပါ၍ ဘဏ်ချေးငွေကျပ် - /- (ကျပ် (စာဖြင့်)- - - - - - - - - - - - - - - - - - - - - - - - - - - တိတိ) ကို ထုတ်ချေးပေးပါရန် လျှောက်ထားတောင်းခံပါသည်၊

ဘဏ်ချေးငွေထုတ်ချေးပေးခြင်းအတွက် ဘဏ်မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊လုပ်ထုံးလုပ်နည်းများကို ဘဏ်မှ သတ်မှတ်သည့်အတိုင်း လိုက်နာဖြည့်ဆည်း ဆောင်ရွက်မည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်၊

ဘဏ်ချေးငွေလျှောက်ထားခြင်းအတွက် ဘဏ်မှလက်ခံစဉ်းစားနိုင်ရန် အောက်ဖော်ပြပါ အချက်အလက်များကို တင်ပြအပ်ပါသည်၊

၁။ ချေးငွေလျှောက်ထားသူ၏အကြောင်းအရာ

(က) လျှောက်ထားသူအမည် - ____________________
(ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းအမည်ကို - ____________________
ဘဏ်စာရင်းရှင် စာရင်းဖွင့်ထားသည့်အတိုင်း - ____________________
ဖော်ပြရန် )

(ခ) အမျိုးသားမှတ်ပုံတင်အမှတ် / - ____________________
အဖွဲ့အစည်းမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ - ____________________

(ဂ) ဘဏ်စာရင်းအမှတ် - ____________________

(ဃ) ဆက်သွယ်ရန်လိပ်စာ - ____________________
____________________
____________________

(င) ကုမ္ပဏီအစုစပ်လုပ်ငန်းစသည့်အဖွဲ့အစည်း - ____________________
ဖြစ်ပါက သင်းဖွဲ့စည်းမျဉ်း ၊သင်းဖွဲ့မှတ်တမ်း၊ - ____________________
အစုစပ်စာချုပ် နှင့် မှတ်ပုံတင်လက်မှတ်တို့၏ - ____________________
မိတ္တူမှန်တစ်စုံ နှင့် ဒါရိုက်တာလူကြီးများ - ____________________
အစုဝင်များ၏အမည် ၊ စာရင်းတစ်စုံတို့ကို
ပူးတွဲတင်ပြရမည်၊

၂။ ဘဏ်ချေးငွေ အသုံးပြုမည့် ရည်ရွယ်ချက် နှင့် လုပ်ငန်းအကြောင်းအရာ

